**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**Online Ticketing and Payment System အကောင်အထည်ဖော်ရေးတင်ဒါကော်မတီ**

(**Expression of Interest –EOI) ခေါ်ယူခြင်း**

၁။ ရထားလက်မှတ်များကို Online မှ ဝယ်ယူနိုင်သည့် Online Ticketing and Payment System ရေးဆွဲတည်ဆောက်လုပ်ကိုင်ခြင်းလုပ်ငန်းအား ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူ Developer များကို တင်ဒါခေါ်ယူ၍ ရန်ကုန်–မန္တလေးလမ်းပိုင်း၊ ရန်ကုန်–ပြည်–ပုဂံလမ်းပိုင်း၊ ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတို့တွင် ကနဦးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

၂။ Online Ticketing and Payment System အား အကောင်အထည်ဖော်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်စေ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီဖြစ်စေ၊ Joint Venture (သို့မဟုတ်) Consortium ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

၃။ ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါစိစစ်ရွေးချယ်မှုအား စိတ်ပါဝင်စားမှုဖော်ပြချက် (Express of Interest –EOI) အဆိုပြုလွှာတင်သွင်းခြင်း၊ EOI အောင်မြင်သူအား Request for Proposal (RFP) တင်သွင်းစေခြင်းဟူ၍ အဆင့် (၂) ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ EOI အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၄။ စိတ်ပါဝင်စားသော ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် EOI အဆိုပြုလွှာစာရွက်စာတမ်း (EOI Documents) များကို တစ်စုံလျှင် ငွေကျပ်(၃၀၀,၀၀၀/–)ဖြင့် မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၌ ( ၂၂ – ၇ – ၂၀၂၄) ရက်နေ့မှ (၂ – ၈ – ၂၀၂၄) ရက်နေ့အတွင်း ရုံးချိန်အတွင်း၌ ဝယ်ယူနိုင်ပါသည်။

၅။ EOI အဆိုပြုလွှာများကို (၁၆.၉.၂၀၂၄) ရက်နေ့၊ နေ့လည် (၂:၃၀) နောက်ဆုံးထား၍ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပြန်လည်တင်သွင်းရမည်။

၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇–၇၇၀၅၁/၀၁–၂၉၁၉၉၄ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။